ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ (2-6-2011) (၆၇၇၃)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး | ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး | ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

## အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးကိုကိုလှိုင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် စစ်သံမှူး Colonel Brey R. Sloan တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

**လက်ခံတွေ့ဆုံ**

**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

၂ - ၆ - ၂၀၁၁
(ကြာသပတေးနေ့)

## ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းကျန်းမာရေး အလေးထား

၂၀၁၁-၂၀၁၂ ပညာသင်နှစ်စတင်ပြီ။ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေကြပြီ။

အမြို့မြို့အနယ်နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ ကျင်းပပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီ။ နိုင်ငံတော်က မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ အခမဲ့ဖြန့်ဝေလျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းလာရေး၊ ကျောင်းနေမြဲရေး အတွက် လိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များက ဝိုင်းဝန်းကူညီလျက်ရှိသည်။ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာအပါအဝင် ကွန်ပျူတာနှင့် အလှူငွေများ လှူဒါန်းနေကြသည်။

ပညာသင်နှစ်အစ ကျောင်းဖွင့်ချိန်မှစ၍ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားကြပေတော့မည်။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းကျန်းမာရေးလုပ်ငန်းများ အလေးထားလုပ်ဆောင်ကြရန်လိုအပ်သည်။ ရာသီမရွေးခြင်နှိမ်နင်းရေး၊ စာသင်ဆောင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့သည် အလေးထားလုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်။

ကျောင်းဆောင်နှင့်ပရိဘောဂများ ပြည့်စုံကောင်းမွန်ရေး၊ မိုးလုံလေလုံဖြစ်ရေး၊ ကျောင်းဝင်းအတွင်း ရေကောင်းရေသန့်ရရှိသုံးစွဲရေးနှင့် ကျောင်းဈေးတန်းရှိ အစားအသောက်ဆိုင်များ သန့်ရှင်းသောအစားအစာများ ရောင်းချရေး ကြပ်မတ်စစ်ဆေးမှုများ မပြတ်ပြုလုပ်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းဖွင့်ချိန် မိုးရာသီကာလများတွင် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်ရာ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု များပြားသည်။ ကလေးငယ်များ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် စာသင်ခန်းများနှင့် ပတ်ဝန်းကျင်အခြေပြု ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကန့်လန့်ကာများ ဆေးရည်စိမ်ပေးခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းတို့ကိုလည်း အခါမလပ်ပြုလုပ်ကြရပေမည်။

ကျောင်းသား၊ ကျောင်းသူတိုင်း အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး(လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး အသိပညာပေး စီမံဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေကြပြီ။ ကျောင်းအုပ်ချုပ်သူများ၊ မိဘဆရာအသင်းဝင်များ၊ စေတနာရှင်ပြည်သူများ၏ ပေါင်းစည်းအင်အားဖြင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်၊ ယင်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို ဝိုင်းဝန်းစွမ်းဆောင်ကြခြင်းဖြင့် ကျောင်းနှင့်ဝန်းကျင် ကျန်းမာသန့်ရှင်း ရောဂါကင်းစင်နေမည်ဖြစ်ပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-1ရှိ ရှာဖွေရေးတွင်း ရွှေပြည်တန် အမှတ်(၁) တွင်းတူးစက်အား စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးစဉ်။ (စွမ်းအင်)

## ရွှေပြည်တန် အမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁

**မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-1တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd.၏ ရှာဖွေရေးတွင်း ရွှေပြည်တန် အမှတ်(၁) စတင်တူးဖော်ခြင်း အခမ်းအနားကို ကမ်းလွန်လုပ်ကွက် M-1 ရှိ West Juno တွင်းတူးစက်ပေါ်၌ မေ ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ Rimbunan Petrogas Ltd.မှ Executive Director Mr.Tiong Hock Chai ၊ Offshore Installation Manager Mr. Murdo Maclean တူးဖော်ရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွင်းတူးစက် ရှင်းလင်းဆောင်၌ Rimbunan Petrogas Ltd. စီမံကိန်းမန်နေဂျာနှင့် တွင်းတူးဖော်ရေး မန်နေဂျာတို့က ရွှေပြည်တန် အမှတ်(၁)၏ ဘူမိဗေဒတည်ရှိနေမှု အခြေအနေ၊ ရှာဖွေရေးတွင်းတူးဖော်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုရှာဖွေရေးတွင်း၏ အလားအလာသည် လွန်စွာကောင်းမွန်ကြောင်း၊ မြေအောက်ဘူမိအနေအထားများအရ ဟိုက်ဒရိုကာဗွန် ခိုအောင်းနိုင်မည့် အခြေအနေကောင်းများရှိသကဲ့သို့ တူးဖော်ရေးပိုင်းတွင် နိုင်ငံခြားသားပညာရှင်များနှင့်အတူ နိုင်ငံတကာလုပ်ငန်းအတွေ့အကြုံရှိသော မြန်မာနိုင်ငံသားပညာရှင်များပါ ပူးပေါင်းလုပ်ဆောင်နေခြင်းအပေါ် ရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်တန် အမှတ်(၁) တွင်းတူးစက်ပေါ်သို့ရောက်ရှိပြီး တွင်းတူးစက်အား စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွင်းတူးစက်ရှိ မြေသားနမူနာများ စမ်းသပ်မည့်နေရာနှင့် တွင်းတူးဖော်နေသည့် အခြေအနေတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ် စံပြရဲရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးအဆင့်မှ ရဲတပ်သားအဆင့်ထိ တပ်ဖွဲ့ဝင် ၁၁၅ ဦး ဝင်ရောက် ဖြေဆိုကြသည်။

အလားတူ စံပြရဲရေးဖြေစာမေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ရဲအုပ်အဆင့်မှ ရဲတပ်သားအဆင့်ထိ တပ်ဖွဲ့ဝင် ၈၈ ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲဖြေဆိုမှုအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဗိုင်းနှင့် ဌာနခွဲမှူးများ၊ ဒုတိယရဲမှူး(ဦးစီး)များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

### ခြင်ဆေးဖျန်း

**ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၃၀ ရက်က ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၆-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၃ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၃၀ ၃။ ဓမ္မပူဇာတေး
- ၇:၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၅။ မြန်မာ့ရှုခင်း
- ၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၅ ၁။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဇာတ်လမ်းတို
- ၄:၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
- ၄:၄၅ ၇။ မွေးမြူသုတ
- ၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၀)**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၂၇)
- ၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၂၇)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒွိတာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အနုပညာရှင်၏တစ်နေ့တာ
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၆)**
- ၂၅။ ဂီတရင်ခုန်သံ

# ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။ (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိ အစည်းအဝေး ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ တက်ရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဇွန် ၁

**ကရင်ပြည်နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များသည် ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်နှင့် အလှူငွေများကို ပြည်နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များထံ ပေးအပ်လှူဒါန်းကြကာ ချို့တဲ့နွမ်းပါးကလေးများအား ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။**

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပသော အပတ်စဉ်(၁၈) သူနာပြုသင်တန်းသား၊ သင်တန်းသူများ ဦးဆောင်းနှင့် ဂျူတီကုတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် တရုတ်လှ စံပြကျေးရွာအနီး စံပြစိုက်ခင်းအတွင်း ကျင်းပသော သိပ္ပံနည်းကျပျိုးထောင်ထားသော ပေါင်ပျိုးများအား လက်တွေ့စိုက်ပျိုးသရုပ်ပြပွဲသို့ တက်ရောက်၍ တောင်သူများက သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်ဖြင့် ပျိုးထောင်ထားသော ပေါင်ပျိုးများ လက်တွေ့စိုက်ပျိုးသရုပ်ပြသ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးအခြေခံပညာ အထက်တန်းကျောင်းနှင့် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတို့သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခြင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်များနှင့် အလှူငွေများအား တာဝန်ရှိသူများထံ ပေးအပ်ခြင်း၊ ချို့တဲ့နွမ်းပါးကလေးများအား ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ဗလာစာအုပ်နှင့် ခဲတံများ အခမဲ့ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကော့ကရိတ်မြို့နယ် (၅)တိုင်ကျေးရွာအနီး၌ ကျင်းပသော သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဂျိုင်းသံမဏိကြိုးတံတားနှင့် ပွန်တွန်းဗောတံတား ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ကန်သာယာဝန်းကျင်၌ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပြည်သူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုအနေဖြင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဇွဲကပင်ခန်းမအနီး ပြည်နယ်သစ်တောဦးစီးဌာနက ပျိုးထောင်ထားရှိသည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်စသည့် ရတနာတန်းဝင် ပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဘားအံမြို့နယ် ဘားကပ်လင်းနို့ဂူအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျေးရွာသုံးစိုက်ခင်းအား ဒေသခံကျေးရွာသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးကုန်းတန်းကြိုးဝိုင်း ကျွန်းတောကွက်ကြီး၌ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထိန်းသိမ်းထားသည့် (၅)နှစ်ပြည့်မြောက်ပြီးသော ကျေးရွာသုံး စိုက်ခင်းများမှ စိုက်ခင်းအမှတ်(၁/၉၁) ၁၆၇ ဧကနှင့် (၁/၉၂)၈၉ ဧကတို့အား ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ခင်းထိန်းသိမ်းရာတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် မြောက်သံကြိုးကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ စိုက်ခင်း၌ ယနေ့တွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာ/အခွန်၊ သစ်တော၊ သားငါး ဝန်ကြီး ဦးသန်းမြင့်ကတက်ရောက် အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ဒေသခံပြည်သူ ဦးမြင့်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသည့် ဒေသခံ ၃၀၀ ခန့်နှင့်အတူ သစ်မျိုးစုံ အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂-၆-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၁၅ | ၈။ | အကပဒေသာ |
| ၈း၂၅ | ၉။ | အဆိုပြိုင်ပွဲ |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၀၅ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၁၅ | ၃။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၂၅ | ၄။ | "သုံးပင်နှစ်ဆယ်" |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း) |
| ၄း၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | ၇။ | "ဥတုရာသီတောကိုမှီ" |
| ၅း၂၀ | ၈။ | "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" |
| ၅း၃၀ | ၉။ | "အက္ခရာများကပြောသောစကား" |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၅၃) (ကိုလင်း၊ စိစိ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)** |
| ၆း၃၅ | ၁၃။ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၃၇)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | **"အစာလည်းဆေး၊ ဆေးလည်းအစာ"** |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁)** |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၆၄)** |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

# မြို့သစ်မြို့နယ်ရှိ အလယ်တန်းကျောင်းတွင် ရက်သတ္တပတ် သန့်ရှင်းရေးပြုလုပ်

**မြို့သစ် ဇွန် ၁**

မြို့သစ်မြို့နယ် မကျီးကုန်းကြီးကျေးရွာတွင် ရက်သတ္တပတ် သန့်ရှင်းရေးလုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရက်သတ္တပတ်သန့်ရှင်းရေးလုပ်ငန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့သစ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်စိုးနှင့် ရဲတပ်ဖွဲ့အင်အား ၁၇ ဦး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ကျေးရွာပြည်သူလူထု ၂၇၃ ဦးနှင့် ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်း ၂၅ ဦး စုစုပေါင်း ၃၅၀ တို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇွန် ၁ရက်က ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်လာသော အင်ဒဲဗား အာကာသလွန်းပြန်ယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အာကာသခရီးစဉ် (၂၅)ကြိမ်နှင့် ခရီးမိုင် ၁၂၃ သန်း ပျံသန်းခဲ့သည့် အင်ဒဲဗားအာကာသလွန်းပြန်ယာဉ် နောက်ဆုံးအကြိမ်ခရီးစဉ် ပြီးဆုံး

**ကိပ်ကနေဗာရယ်(ဖလော်ရီဒါ) ဇွန် ၁**

အမေရိကန် အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်နှင့် ယင်းယာဉ်၏ အာကာသယာဉ်မှူးခြောက်ဦးတို့သည် ကမ္ဘာမြေပြင်သို့ ဇွန် ၁ရက်တွင် ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

**ပြန်လည်ဆိုက်ရောက်လာ**

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်သည် နောက်ဆုံးအကြိမ် အာကာသခရီးစဉ်ကို ပျံသန်းခဲ့ပြီးနောက် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိပ်ကနေဗာရယ်ရှိ ကနေဒီအာကာသစခန်းသို့ ဇွန် ၁ ရက် အစောပိုင်းတွင် ပြန်လည်ဆိုက်ရောက်လာခဲ့သည်။

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်၏ (၂၅)ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ် အာကာသခရီးစဉ်ကို အောင်မြင်စွာအဆုံးသတ်ခဲ့ပြီဖြစ်သည်။ အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်၏ သမိုင်းဝင်ခရီးစဉ်ကို ထာဝစဉ်အမှတ်ရနေကြမည်ဖြစ်ကြောင်း အမေရိကန် အာကာသအေဂျင်စီ(နာဆာ)ထိန်းချုပ်ရေးဌာနမှ အာကာသယာဉ်မှူး ဘာရီဝီလ်မိုးက ယင်းလွန်းပြန်ယာဉ်၏ ယာဉ်မှူး စကော့ကယ်လီထံ ရေဒီယိုစကားပြောစက်ဖြင့် ဆက်သွယ်ပြောဆိုခဲ့သည်။

**ခရီးနှင်ခဲ့**

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်သည် အာကာသခရီးစဉ် (၂၅)ကြိမ်သွားရောက်ခဲ့ရာတွင် မိုင်ပေါင်း ၁၂၃ သန်း ခရီးနှင်ခဲ့ပြီးဖြစ်သည်။

အဆိုပါအာကာသလွန်းပြန်ယာဉ်ကို လော့စ်အိန်ဂျလိစ်မြို့ရှိ ကာလီဖိုးနီးယားသိပ္ပံဗဟိုဌာန၌ ခင်းကျင်းပြသသွားရန် စီစဉ်ထားသည်။ **အင်တာနက်။**

# ပါကစ္စတန်စစ်သွေးကြွတို့ ခိုအောင်းရာဒေသကို ထိုးစစ်ဆင်တိုက်ခိုက်ရန် အစီအစဉ်မရှိဟုဆို

**မာမက်ဂတ်(ပါကစ္စတန်) ဇွန် ၁**

ပါကစ္စတန်ကြည်းတပ်သည် စစ်သွေးကြွများခိုအောင်းသည့် တိုင်းရင်းသားလူမျိုးစု နေထိုင်ရာဒေသတစ်ခုကို ထိုးစစ်ဆင်တိုက်ခိုက်ရန် လောလောဆယ် စီစဉ်နေခြင်းမရှိကြောင်း ပါကစ္စတန်ထိပ်တန်းတပ်မှူးတစ်ဦးက ဇွန် ၁ရက်တွင် ပြောကြားသည်။

အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့များကို ပါကစ္စတန်နယ်စပ်ဒေသ၌ ခိုအောင်းနေသော စစ်သွေးကြွများက တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်၌ စစ်သွေးကြွတို့ကို ချေမှုန်းမည့် ထိုးစစ်တစ်ရပ် ဆင်နွှဲတော့မည်ဟူသောသတင်းများ ပေါ်ထွက်နေချိန်တွင် ပါကစ္စတန်ကြည်းတပ်ဒုတိယဗိုလ်ချုပ်ကြီး အဆစ်ယာဆင်မာလစ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ပိုင်းဝါဇီရစ္စတန်ပြည်နယ်ရှိ စစ်သွေးကြွတို့ကို ချေမှုန်းရန် ပါကစ္စတန်စစ်ဘက်ကို တိုက်တွန်းခဲ့သည်ဟုဆိုသည်။

ဒုတိယဗိုလ်ချုပ်ကြီး အဆစ်ယာဆင်မာလစ်သည် တိုင်းရင်းသားလူမျိုးစုဝင်များနေထိုင်ရာ ဒေသများနှင့် အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နိုင်ငံအနောက်မြောက်ပိုင်းဒေသတို့၌ ပြုလုပ်သည့် စစ်ဆင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရသူဖြစ်သည်။ **အင်တာနက်။**

# နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိ မနုဿဗိဟာရုပ်တုကို တူရကီသို့ ပြန်လည်ပေးအပ်ရန် ဂျာမနီသဘောတူ

**ဘာလင် ဇွန် ၁**

နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိ မနုဿဗိဟာရုပ်တုကြီးကို တူရကီနိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ဂျာမနီနိုင်ငံက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ပါရှားယဉ်ကျေးမှု ဖောင်ဒေးရှင်းအကြီးအကဲ၏ ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဂျာမန်သတင်းဌာနများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ပါဂါမွန်ပြတိုက်၌ ၁၉၃၄ ခုနှစ်မှစ၍ ထိန်းသိမ်းပြသလာခဲ့သော သမိုင်းဝင် မနုဿဗိဟာရုပ်တုကြီးကို ပြန်လည်ပေးအပ်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂျာမနီနှင့် တူရကီအာဏာပိုင်များ သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

အဆိုပါရုပ်တုကြီးကို တူရကီနိုင်ငံသို့ ယခုနှစ် နိုဝင်ဘာ ၂၈ ရက်မတိုင်မီ ပြန်လည်ပေးအပ်မည်ဖြစ်သည်။

ဂျာမနီနှင့် တူရကီနိုင်ငံအကြား ချစ်ကြည်ရေးပြယုဂ်အဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် အဖြစ် သတ်မှတ်ထားသော အဆိုပါရုပ်တုကို ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ပါရှားယဉ်ကျေးမှု ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဟာမန်းပါဇင်ဂါက ပြောကြားသည်။

အဆိုပါ မနုဿဗိဟာရုပ်တုကို ဂျာမန်ရှေးဟောင်းသုတေသနသိပ္ပံ၏ စီမံကိန်းတစ်ရပ်အရ ဟတ်တူရှာဒေသ၌ တူးဖော်တွေ့ရှိခဲ့သည်။ ဟတ်တူရှာ ဒေသသည် ကြေးခေတ်နှောင်းပိုင်းက ဟစ်တိုက်အင်ပါယာ၏ မြို့တော်ဟောင်းဖြစ်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ကုလသမဂ္ဂက ၁၉၈၆ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ ဟတ်တူရှာဒေသသည် မျက်မှောက်ကာလတွင် တူရကီနိုင်ငံ ဘိုဇက်ကာလီမြို့အနီး၌ တည်ရှိသည်။ **အင်တာနက်။**

တူရကီနိုင်ငံသို့ ပြန်လည်ပေးအပ်မည့် မနုဿဗိဟာရုပ်တုကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ဘဂ္ဂဒက် ဇွန် ၁**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၅၉၇၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၈၈၃၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၅၉၇၂ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၈၈၃၈ ဦး |

**အင်တာနက်။**

# အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ကဘူးလ် ဇွန် ၁**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၉၂၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၄၄၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၉၂၉ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၄၁၄၄၃ ဦး |

**အင်တာနက်။**

# ဂျပန်နိုင်ငံရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများ ဆူနာမီအန္တရာယ်ကို လျှော့တွက်ခဲ့

တိုကျို ဇွန် ၁

**ဂျပန်နိုင်ငံရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများသည် ဆူနာမီရေလှိုင်းဘေးအန္တရာယ်ကို လျှော့တွက်ခဲ့ကြောင်း ကုလသမဂ္ဂစစ်ဆေးရေးမှူးများက ထုတ်ပြန်သည့် ပဏာမအစီရင်ခံစာတွင် ဖော်ပြထားသည်။**

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ၏ အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကို စုံစမ်းစစ်ဆေးနိုင်ရန် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံပေါင်း ၁၂နိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များပါဝင်သော အိုင်အေအီးအေ ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်၌ ရက်သတ္တတစ်ပတ်ကြာနေထိုင်ကာ တာဝန်ရှိသူများထံမှ သတင်းအချက်အလက်များရယူခဲ့ပြီး ဖူကူရှီးမားဒိုင်အီချိ နျူကလီး ယားဓာတ်အားပေးစက်ရုံကိုစစ်ဆေးခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန် ၂၀မှ ၂၄ ရက်ထိကျင်းပမည့် အိုင်အေအီးအေညီလာခံသို့ အစီရင်ခံစာ အပြည့်အစုံတင်သွင်းမည် ဖြစ်သည်။

ဂျပန်နိုင်ငံရှိ နျူကလီးယားစက်ရုံများသည် ဆူနာမီရေလှိုင်းဘေးအန္တရာယ်ကို လျှော့တွက်ခဲ့သော်လည်း အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကို တုံ့ပြန်ရာ၌ အထူးကောင်းမွန်ကာ စံနမူနာပြသနိုင်ကြောင်း ပဏာမ အစီရင်ခံစာတွင် ဖော်ပြသည်။

ဖူကူရှီးမားနျူကလီးယားစက်ရုံသည် မတ် ၁၁ရက်က လှုပ်ခဲ့သော အင်အား(၉)အဆင့်ရှိ မြေငလျင်ဒဏ်ကြောင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုနှင့် တွေ့ကြုံခဲ့ရသည်။ ယင်းစက်ရုံ၌ ပေါက်ကွဲမှုများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပြီး အဏုမြူလောင်စာများ အရည်ပျော်ကျခဲ့သည်။

ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့မှုကြောင့် စက်ရုံအနီးဝန်းကျင်၌ နေထိုင်သော ပြည်သူ ၈၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဖူကူရှီးမားစက်ရုံကို ၄၉ ပေအထိ မြင့်သည်ဟု ခန့်မှန်းရသော ဆူနာမီရေလှိုင်းက ရိုက်ခတ်ခဲ့သည်။ **အင်တာနက်။**

**နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ ကျွမ်းကျင်သူပညာရှင်များ ဖူကူရှီးမား နျူကလီးယားစက်ရုံကို စစ်ဆေးစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

# အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်သူ့လွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။

(သတင်းစဉ်)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr.Larry M.Dinger လည်း တက်ရောက်သည်။

**တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဧည့်သည် အမေရိကန် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သက်ကြီးရွယ်အို မူဝါဒဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှု၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ပံ့ပိုးကူညီမှု၊ Help Age International (HAI)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခွဲအဆင့် သက်ကြီးရွယ်အို မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Sub-Regional Workshop on National Policy on Ageing) ကို မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာ နိုင်ငံများအလိုက် ဒေသခွဲအဆင့် သက်ကြီးရွယ်အို မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁-၆-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၂၇၅၀ | ၀. ၀၃၃၀၃ |
| တရုတ် (ယွမ်) | ၆. ၄၇၉၀၅ | ၀. ၁၅၄၃၄ |
| အိန္ဒိယ (ရူပီး) | ၄၄. ၈၄၇၅ | ၀. ၀၂၂၃၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၁၀၅၀ | ၀. ၃၃၂၁၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၃၁၆၆ | ၀. ၈၁၁၉၁ |
| ဂျပန် (ယန်း) | ၈၀. ၉၀၅၁ | ၀. ၀၁၂၃၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၇၄. ၇၁ | ၀. ၀၀၀၉၃ |
| ယူရို | ၀. ၆၉၄၃၃ | ၁. ၄၄၀၂၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၀၄၃ | ၁. ၆၃၈၁၉ |

***အင်တာနက်။***

# ပြည်တွင်းစားသုံးကုန် ဈေးကွက်သတင်း

***ယခုအပတ် ပြည်တွင်းဈေးကွက်တွင် ပြည်တွင်းစားသုံးမှု ဆီဈေးနှုန်းများ ဈေးကွက်အသီးသီး၌ အတက်အကျများ ရှိသလို ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင်လည်း အတက်အကျများ ဖြစ်ပေါ်လျက်ရှိသည်။***

***ပဲဆီ။*** ။ပြည်တွင်းပဲဆီဈေးကွက်တွင် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် တောင်ကြီးပဲဆီဈေးကွက်တို့တွင် ယခင်အပတ်ဈေးနှုန်းထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ကျော် ကျဆင်းလျက်ရှိပြီး မကွေးပဲဆီဈေးကွက်တွင် ပဲဆီတစ်ပိဿာ ယခင် ကျပ် ၃၇၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၈၀၀ သို့ လည်းကောင်း၊ မုံရွာပဲဆီဈေးကွက်တွင် ပဲဆီတစ်ပိဿာဈေးနှုန်း ယခင် ကျပ် ၃၅၅၀ မှ ယခု ကျပ် ၃၆၅၀ သို့ လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။

***နှမ်းဆီ။*** ။ပြည်တွင်း နှမ်းဆီဈေးကွက်တွင် ရန်ကုန်၊ တောင်ကြီးနှင့် စစ်တွေ နှမ်းဆီဈေးကွက်တို့တွင် နှမ်းဆီဈေးနှုန်းများ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော်လည်း မန္တလေးနှမ်းဆီဈေးကွက်မှာ ယခင် နှမ်းဆီ တစ်ပိဿာဈေးနှုန်း ကျပ် ၃၀၀၀ မှ ယခု ကျပ် ၂၉၀၀ သို့ လည်းကောင်း၊ ပဲခူးနှမ်းဆီဈေးကွက်မှာ နှမ်းဆီတစ်ပိဿာ ဈေးနှုန်း ယခင် ကျပ် ၃၆၀၀ မှ ယခု ကျပ် ၃၄၀၀ သို့ လည်းကောင်း၊ မုံရွာနှမ်းဆီဈေးကွက်တွင် နှမ်းဆီတစ်ပိဿာဈေးနှုန်း ယခင် ကျပ် ၃၁၅၀ မှ ယခု ကျပ် ၃၀၀၀ သို့ လည်းကောင်း ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။

***စားအုန်းဆီ။*** ။ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် ရန်ကုန်စားအုန်းဆီဈေးကွက်မှာ ယခင်က စားအုန်းဆီတစ်ပိဿာ ကျပ် ၂၀၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၂၂၀၀ သို့ လည်းကောင်း၊ မုံရွာစားအုန်းဆီဈေးကွက်မှာ စားအုန်းဆီတစ်ပိဿာ ဈေးနှုန်း ယခင် ကျပ် ၂၃၀၀မှ ယခု ကျပ် ၂၄၀၀သို့ လည်း ကောင်း ဈေးနှုန်းများ တက်လာသော်လည်း စစ်တွေစားအုန်းဆီဈေးနှုန်းမှာ ဈေးအေးနေသည်။

***မတ်ပဲ။*** ။ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် သိသိသာသာ ကျဆင်းလာသော ဈေးကွက်မှာ မတ်ပဲဈေးကွက်ဖြစ်သည်။ မုံရွာမတ်ပဲဈေးကွက်မှာ ယခင် မတ်ပဲ တစ်တန်ဈေးနှုန်း ကျပ် ၅၂၉၇၀၀ မှ ယခု ကျပ် ၅၂၀၅၀၀ သို့ လည်းကောင်း၊ မန္တလေး မတ်ပဲဈေးကွက်တွင် ယခင် မတ်ပဲ တစ်တန်ဈေးနှုန်း ကျပ် ၅၃၀၉၀၀ မှ ယခု ကျပ် ၄၈၉၉၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။

***ပဲတီစိမ်း။*** ။ ပြည်တွင်း ပဲတီစိမ်းဈေးကွက်တွင် မုံရွာပဲတီစိမ်းဈေးကွက်မှာ ယခင် ပဲတီစိမ်း တစ်တန်ဈေးနှုန်း ကျပ် ၈၅၄၂၀၀ မှ ယခု ကျပ် ၉၁၈၅၀၀ သို့ လည်းကောင်း၊ မန္တလေးပဲတီစိမ်းဈေးကွက်တွင် ပဲတီစိမ်းတစ်တန်ဈေးနှုန်း ယခင် ကျပ် ၈၈၁၈၀၀ မှ ယခု ကျပ် ၉၅၇၈၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာပြီး ပခုက္ကူနှင့် ဟသ်ာတပဲတီစိမ်းဈေးကွက်မှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

## ပြည်သူလူထု စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် အခွန်စီမံခန့်ခွဲမှုများ ဆက်လက်အကောင်အထည်ဖော်

နေပြည်တော် ဇွန် ၁

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန တံဆိပ်ခေါင်းခွန်ဌာနခွဲ၏ တံဆိပ်ခေါင်းသိုလှောင်ရုံခန်း၊ အခွန်အမှတ်တံဆိပ် သိုလှောင်ခန်းနှင့် စာရေးကိရိယာ သိုလှောင်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခွန်အယူခံခုံအဖွဲ့ရုံးရှိ အခွန်အယူခံအမှုများ ကြားနာစီရင်ဆုံးဖြတ်ပေးသည့် တရားခွင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဌာန၏ လုပ်ငန်းတာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ပြီး တာဝန်သိသိ သစ္စာရှိရှိ လုပ်ငန်းဆောင်ရွက်ကြရန်အတွက် အရာထမ်းများက ဦးဆောင်ကြိုးပမ်းကြရေး၊ ဌာနအလိုက်လျာထားချက် ပြည့်မီကျော်လွန်သည့် အခြေအနေတွင် ရောင့်ရဲမနေဘဲ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ရရှိစေရန် ဆောင်ရွက်ကြရေး၊ ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခွန်စီမံခန့်ခွဲမှုများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရေး စသဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အခွန်အယူခံခုံအဖွဲ့ရုံးရှိ အခွန်အယူခံအမှုများ ကြားနာစီရင်ဆုံးဖြတ်ပေးသည့် တရားခွင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့ ကွန်ပျူတာတက္ကသိုလ်(သထုံ) ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့သည့် ဒေါ်ဘောက်ဂျာက ၎င်း၏ ရွေးကောက်ပွဲကန့်ကွက်လွှာကို ပြန်လည်ရုပ်သိမ်း

**နေပြည်တော် ဇွန် ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံရသူ ဦးအုန်းမြင့်အပေါ် ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည့် ဒေါ်ဘောက်ဂျာက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းလျက် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည်။

ရွေးကောက်ပွဲခုံအဖွဲ့သည် ယင်းအမှုကို မေ ၃၀ ရက်က ရုံးချိန်းခေါ်ယူ စစ်ဆေးခဲ့ရာ လျှောက်ထားသူ ဒေါ်ဘောက်ဂျာမှ ၎င်း၏ ကန့်ကွက်လွှာအမှုအား တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ တို့အရ ရုပ်သိမ်းခွင့်ပြုရန် ခုံအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့သည်။ ရွေးကောက်ပွဲခုံအဖွဲ့အနေဖြင့် လျှောက်ထားသူသည် ၎င်း၏ လွတ်လပ်သောသဘောဆန္ဒအရ ရုပ်သိမ်းလွှာတင်သွင်းကြောင်း ယုံကြည်သဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၆(က)အရ ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆရာ၊ ဆရာမများ မိမိကိုယ်ပိုင်အရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားရေး အစဉ်တစိုက်ကြိုးပမ်း ကျောင်းသား၊ ကျောင်းသူများ စံနမူနာယူထိုက်အောင် ဆရာ့ဂုဏ်ရည်နှင့်အညီ စည်းကမ်းတကျ ကျင့်ကြံနေထိုင်

**နေပြည်တော် ဇွန် ၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မေ ၂၈ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ နည်းပညာတက္ကသိုလ် (ဘားအံ) စုဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(ဘားအံ)၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အကျိုးပြုနိုင်သော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်း နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ တစ်သိန်းကျော် တက်ရောက်ပညာသင်ကြားနေကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိကိုယ်ပိုင်အရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားရေးအတွက် အစဉ်တစိုက်ကြိုးပမ်းသွားကြရန်၊ ကျောင်းသား၊ ကျောင်းသူများ စံနမူနာယူထိုက်သော ဆရာ၊ ဆရာမများဖြစ်အောင် ဆရာ့ဂုဏ်ရည်နှင့်အညီ စည်းကမ်းတကျ ကျင့်ကြံနေထိုင်သွားကြရန်၊ မိမိသက်ဆိုင်ရာအဖွဲ့အစည်း၌ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကိုလည်း စည်းစည်းလုံးလုံးဖြင့် အဖြေရှာဖော်ထုတ်၍ ဖြေရှင်းဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများအပေါ် စေတနာမှန်ဖြင့် သင်ကြားပေးမှု၊ ဘက်မလိုက်ဘဲ မှန်ကန်သော စီမံခန့်ခွဲမှုများဖြင့် အုပ်ချုပ်သွားကြရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(ဘားအံ)၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)ရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်များ၊ အလုပ်ရုံများနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေးကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အတူ မေ ၂၉ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မော်လမြိုင်) စုဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၊ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ်(မော်လမြိုင်)၊ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်)တို့ရှိ စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်တိုက်၊အလုပ်ရုံနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေးကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ မေ ၂၄ ရက်တွင် ဦးကောင်းမြင့်ထွန်းအပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးက မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

### နိုင်ငံတကာ အနုပညာရပ်ဝန်း

## ကိုရီးယားမင်းသား ဟန်ဂျေဆုနှင့် ကိုရီးယားမင်းသမီး ဟန်နီလီတို့ အက်ရှင်ဇာတ်ကားသစ်ရိုက်ကူး

ကိုရီးယားမင်းသားချော ဟန်ဂျေဆုနှင့် မင်းသမီး ဟန်နီလီတို့သည် အက်ရှင် ဇာတ်ကားသစ်တစ်ကား ရိုက်ကူးနေကြောင်း ယင်းဇာတ်ကားကို ထုတ်လုပ်ဖြန့်ချိမည့် NEW ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

NEW ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ၏ အင်္ဂါနေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ ထုတ်ပြန်ကြေညာချက်အရ မင်းသားဟန်ဂျေဆုနှင့် မင်းသမီး ဟန်နီလီတို့ အဓိကခေါင်းဆောင်ပါဝင်ရိုက်ကူးနေသည့် အစမ်းသဘောအနေဖြင့် Hitဟု အမည်ပေးထားသော အက်ရှင်ကားကို မေလစောစောပိုင်းက စတင်ရိုက်ကူးခဲ့ပြီး ယခုနှစ်နှောင်းပိုင်းတွင် ထုတ်လုပ်ဖြန့်ချိမည်ဟု ဆိုသည်။

**ကိုရီးယားအလှမယ် ဟန်နီလီ။**

ယင်းဇာတ်ကားသည် လူပုံအလယ် ထင်ရှားကျော်ကြားလိုသည့် အာဏာရမက် တောက်လောင်နေသော လူပုဂ္ဂိုလ်များက မိမိသြဇာအာဏာအတွက် နောက်ကွယ်တွင် လူဆိုးဂိုဏ်းများ တည်ထောင်ကာ လှုပ်ရှားနေပုံကို ဒါရိုက်တာ လီဆောင်ဟန်က အသွင်တစ်မျိုးဖြင့် ဖန်တီးတင်ပြထားသည်။ ဤဇာတ်ကားတွင် မင်းသား ဟန်ဂျေဆုက ဘဂျီအဖြစ် သရုပ်ဆောင်ထားပြီး မင်းသမီး ဟန်နီလီက ဘဂျီ၏ရည်းစားဟောင်း ဆန်ရီအွန်အဖြစ် သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားတွင် အခြားကိုရီးယားသရုပ်ဆောင်များဖြစ်သည့် ဆောင်ယောင်ချန်း၊ ဂျန်ဆန်ဟွာ၊ ပက်ဆန်ဝန်းနှင့် မာကိုစ်တို့က ပါဝင်အားဖြည့်ပေးထားသည်။

မင်းသားဟန်ဂျေဆုသည် ၂၀၀၁ ခုနှစ်က Four Sisters ရုပ်သံဇာတ်လမ်းတွဲ၊ ၂၀၀၂ ခုနှစ်က Glass Slipper ရုပ်သံဇာတ်လမ်းတွဲ၊ ၂၀၀၇ ခုနှစ်က Lobby-ist ရုပ်သံဇာတ်လမ်းတွဲနှင့် ၂၀၁၀ ခုနှစ်က The Great Merchant ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

မင်းသမီး ဟန်နီလီသည် ၂၀၀၆ ခုနှစ်က ကိုရီးယားအလှမယ် သရဖူကို ဆောင်းခဲ့သကဲ့သို့ ၂၀၀၇ ခုနှစ်တွင်လည်း ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ သူမသည် ၂၀၀၉ ခုနှစ်က Partner ရုပ်သံဇာတ်လမ်းတွဲနှင့် ၂၀၁၀ခုနှစ်က Pasta ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ***အင်တာနက်။***

**ကိုရီးယားမင်းသား ဟန်ဂျေဆု။**

**အေဝမ်းစိုး**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာ၌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်သည်။ (သတင်းစဉ်)

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အထိမ်းအမှတ်အခမ်းအနားနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင် အမှတ်(၁) စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးတင့် (စိုးလျှပ်စစ်နှင့် စက်ကိရိယာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ)က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မူလတန်းပညာ စတင်သင်ယူမည့် ဆင်းရဲနွမ်းပါး ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ အတွက် အမှတ်(၁)စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက လှူဒါန်းသော ကျောင်းဝတ်စုံ၊ လွယ်အိတ်နှင့် စာရေးကိရိယာ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၁၅၀ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များသည် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက လည်းကောင်း၊ အမှတ်(၁၆) အခြေခံပညာမူလတန်း ကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီကိုယ်စား အတွင်းရေးမှူး ဦးကျင်ထွန်းက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာနကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ဦးညဏ်ထွန်းဦးက လက်ခံသည်။

ယနေ့ ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး ပရိဘောဂအပါအဝင် ငွေကျပ် သိန်း ၄၅၀ ကုန်ကျခဲ့ကြောင်းနှင့် အမှတ်(၁၆) အခြေခံပညာ မူလတန်းလွန်ကျောင်းသည် အလျားပေ ၉၀၊ အနံ ပေ ၃၀ ရှိပြီး ငွေကျပ် သိန်း ၂၀၀ ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၆-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

| | |
|---|---|
| ၅း၀၅ | ပဌာန်းပါဠိတော်+ဓမ္မသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အချိန်ရှိခိုက်လုံ့လစိုက်" တရားတော် |
| ၆း၄၀ | ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၂)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၀)** |
| ၈း၅၀ | Activities In The City |
| ၉း၀၀ | ကျေးလက်ပြည်သူသွားကျန်းမာရေးကွင်းဆင်းကုသဆောင်ရွက်ပေး |
| ၉း၁၅ | Activities In The City |
| ၉း၃၀ | Fashion Talk |
| ၁၀း၂၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၅၅ | The Champion of Dance |
| ၁၁း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ |
| ၁၂း၃၀ | လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ "လိုင်မြစ်ကျော်တာဝါတည်ဆောက်ခြင်း" |
| ၁း၀၀ | "အချိန်ရှိခိုက်လုံ့လစိုက်" တရားတော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Quiz Idol |
| ၃း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၂)** |
| ၄း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၀)** |
| ၅း၀၅ | Activities In The City |
| ၅း၂၀ | NIBBAN Dealer's Night |
| ၅း၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၅း၄၀ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၃)** |
| ၇း၀၅ | Style ရှိမှ Star ဖြစ်မယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Activities In The City |
| ၈း၄၅ | စကားနပန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၁)** |
| ၁၀း၂၀ | အားကစားမြင်ကွင်းစုံ |
| ၁၀း၄၅ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အခမ်းအနား |
| ၁၁း၀၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ် |
| ၁၁း၄၅ | ဂီတသရုပ်ပြခန်း |
| ၁၂း၂၅ | သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့ |
| ၁၂း၄၀ | ဖန်တီးသူနှင့်အနုပညာ |
| ၁း၀၅ | ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ |
| ၁း၁၅ | လှပသစ်ဆန်းအလှပြင်ခန်း |
| ၁း၃၅ | လုံခြုံစိတ်ချမိခင်ဘဝ |
| ၂း၀၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၂း၂၅ | Celebrity Profilc |
| ၂း၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၅ | မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း |
| ၄း၀၅ | ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော် |
| ၄း၃၀ | မင်းမသိသေးပါဘူးကွာ |
| ၄း၃၅ | တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ |
| ၄း၅၀ | လှမ်းခဲ့ပါဆွေ "မနောမြေ" |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# KIA (ကချင်)အဖွဲ့ ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ လီဆူးတိုင်းရင်းသူ ဒေါ်အလင်းမီး အသက်(၅၀)သည် နန်ကျင်ရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် နွားပျောက်၍ ရှာဖွေနေစဉ် မေ ၂၇ ရက် နံနက် ၈ နာရီခန့်က KIA (ကချင်)အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေသလုံးနှင့် ဝဲဘက်လက်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ မေ ၂၈ ရက် ညနေ ၃ နာရီခန့်တွင် ဝိုင်းမော်မြို့နယ် ကဇူး ကျေးရွာနေ လီဆူးတိုင်းရင်းသား မောင်လီဝူး အသက်(၂၆)နှစ်သည် ဖခင်ဖြစ်သူ တောင်ယာလုပ်ကိုင်သည့် အင်ခရန် ကျေးရွာ၏ အရှေ့မြောက်ဘက် ဒဘတ်ချောင်းနေရာသို့ သွားရောက်စဉ် ချောင်းအနီးတစ်နေရာ၌ KIA (ကချင်) အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ဝဲ/ယာ ခြေသလုံး၊ ပေါင်နှင့် ဝဲဘက်လက်တို့တွင် လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် ရာဒါကောင်း ကျေးရွာနေ ကချင်တိုင်းရင်းသူ ဒေါ်ကေ့ဘူ အသက်(၃၁)နှစ်သည် မန်ကျင်ရွာ၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ၌ မီးသွေးသယ်ဆောင်နေစဉ် KIA (ကချင်)အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေသလုံးနှင့် ဝဲဘက်ပေါင်တို့တွင် လည်းကောင်း ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက မြစ်ကြီးနားဆေးရုံနှင့် ဝိုင်းမော်ဆေးရုံများသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

**အင်အား ၄ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား**

**နေပြည်တော် ဇွန် ၁**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၀၇ မိနစ် ၅၉ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် မိုင် ၂၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကာမိုင်းမြို့၏အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဇမ္ဗူသီရိ အဆင့်မြင့်အားကစားကွင်းတည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

## နိုင်ငံတကာစံချိန်စံညွှန်းမီစေရေး အလေးထားဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇွန် ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိ အဆင့်မြင့်အားကစားကွင်း တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ရှင်းလင်းတင်ပြ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား စီမံကိန်းရှင်းလင်းဆောင်၌ မက်စ်မြန်မာကုမ္ပဏီအုပ်စု ဒုတိယဥက္ကဋ္ဌက အဆင့်မြင့်အားကစားကွင်းဆိုင်ရာ အချက်အလက်များ၊ အားကစားကွင်းအတွက်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများနှင့် စက်ယန္တရားများရောက်ရှိမှုနှင့် အဆင့်မြင့်ဘောလုံးကွင်းနှင့် အဆင့်မြင့် အားကစားရုံ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က Sports Village Complex အတွင်း တည်းခိုဆောင်များ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အဆင့်မြင့်အားကစားကွင်း၊ အဆင့်မြင့် အားကစားရုံနှင့် တည်းခိုဆောင်များ တည်ဆောက်နေမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဆင့်မြင့်အားကစားကွင်း တည်ဆောက်ရာ၌ အရေးပေါ် ထွက်ပေါက်များ စနစ်တကျ ထည့်သွင်းတည်ဆောက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဆင့်မြင့်ဘောလုံးကွင်းအတွင်း ပွဲကြည့်စင်များ ပြီးစီးနေမှုနှင့် အမိုးပိုင်း Steel Structure များ တပ်ဆင်နေမှု၊ အဆင့်မြင့်အားကစားရုံ တည်ဆောက်မှုလုပ်ငန်းခွင်အတွင်း အခြေခံအုတ်မြစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဘိုးလင်းအားကစားခန်းမနှင့် ဘိလိယက်အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

---

**○ ကျောဖုံးမှ**

မိမိဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများက ပိုမိုအားကိုးချစ်ခင်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြမှသာ နောင်တွင် ဆေးရုံကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုပုံရိပ် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီးနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီး၏ အုပ်ချုပ်မှုရုံး၊ ပြင်ပလူနာဌာန၊ မျက်စိအထူးကုဌာန၊ သွားနှင့် ခံတွင်းရောဂါကုဌာန၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာန၊ အမျိုးသား၊ အမျိုးသမီး ဆေးကုသဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်၊ မီးယပ်ဆောင်၊ အရိုးအကြောအဆစ်ဌာန၊ ပင်မခွဲစိတ်ခန်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲဌာနနှင့် ခွဲစိတ်လူနာကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူ အဆင့်ဆင့်အား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

---

## Factory Management သင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း သင်တန်းကျောင်းလုပ်ငန်း ကော်မတီက Factory Management သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၆ ရပ်ကွက် ပင်လုံလမ်းရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန၌ ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၅၀သာ လက်ခံမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဇွန် ၁၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံးနှင့် သစ်အခြေခံစက်မှုနည်းပညာသင်တန်းဌာနတို့တွင် လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်ကို ဖုန်း- ၀၁-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀ နှင့် ၅၈၁၃၇၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

## ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းလေးမျိုး အောင်မြင်စွာပို့ချနိုင်ရေး နည်းပြများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၁

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ နေပြည်တော်ဟိုတယ်ဇုန်အသင်းက ဦးစီးပြီး နေပြည်တော်ဟိုတယ်ဇုန်၌ ဇွန် ၂ ရက်မှစတင် ဖွင့်လှစ်သင်ကြားပေးမည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းလေးမျိုးတွင် အောင်မြင်စွာ ပို့ချသင်ကြားနိုင်ရေးအတွက် နေပြည်တော် ဟိုတယ်ဇုန်သင်တန်းတာဝန်ခံ နည်းပြများအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ နေပြည်တော်ဟိုတယ်ဇုန်၌ ဖွင့်လှစ်မည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်းလေးမျိုးတွင် သင်တန်းအလိုက် သင်ကြားပေးသွားမည့် သင်ခန်းစာများ၊ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည့် အစီအစဉ်များ၊ တတ်ကျွမ်းမှု ပြန်လည်စစ်ဆေးခြင်း၊ စာမေးပွဲဖြေဆိုခြင်းများ ဆောင်ရွက်မည့် အစီအစဉ်များကို သင်တန်းနည်းပြများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းအလိုက် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို နေ့အလိုက် (Thesis) မှတ်တမ်းပြုစုထားရှိရန်၊ သင်တန်းသားများအား စာတွေ့ လက်တွေ့ စာမေးပွဲဖြေဆိုခြင်းများ ပြုလုပ်ရာ၌ အဆင့်ရှိအောင် ဆောင်ရွက်သွားရန်နှင့် ရရှိသည့်အချိန်အတွင်း သင်တန်းသားများ နားလည်တတ်ကျွမ်းမှု အဆင့် ပိုမိုရရှိစေရေးအတွက် စေတနာထား၍ ကြိုးစားသင်ကြားပေးကြရန် မှာကြားသည်။

နေပြည်တော် ဟိုတယ်ဇုန်တွင် ဇွန် ၂ ရက်မှ ၂၃ ရက်အထိ ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း (Front Office) အား ဇမ္ဗူသီရိဟိုတယ်၌ လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (Housekeeping)အား အမရဟိုတယ်၌ လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်း (Food & Beverage Service)အား ကောင်းကင်နန်းတော်ဟိုတယ်၌ လည်းကောင်း၊ အစားအစာ ချက်ပြုတ်ထုတ်လုပ်ရေး သင်တန်း (Food & Beverage Production) အား ရွှေ့ဂ်ရယ်ကုမုဒြာဟိုတယ်၌ လည်းကောင်း ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း လေးမျိုးတွင် အောင်မြင်စွာ ပို့ချသင်ကြားနိုင်ရေး အတွက် နေပြည်တော် ဟိုတယ်ဇုန် သင်တန်း တာဝန်ခံ နည်းပြများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

---

## မန္တလေးဖိတ်ခေါ် ကြ... ပိုလိုလုပွဲနှင့် ဆု...

နေပြည်တော်

**၂၀၁၁ ခုနှစ် အားကစားဝန်ကြ... အဖွဲ့ချုပ်တို့ ကြီးမှူး၍ မန္တလေးဖိတ်ခေ... ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂... အောင်မြေသာစံမြို့နယ် အောင်မြေ... မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲ... အားပေးသည်။**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်...

မန္တလေးတိုင်းဒေသကြီး ဝန်ကြီး...

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**(၆၇)ကြိမ်မြောက်**
**ဗဟိုကောင်စီအစည်းအဝေး**

၂၀၁၁ ခုနှစ်၊ ဇွန်လ ၂ ရက်

အစည်းအဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
နေပြည်တော်

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**ဒသမအကြိမ်မြောက်**
**နိုင်ငံလုံးဆိုင်ရာညီလာခံ**

၂၀၁၁ ခုနှစ်၊ ဇွန်လ ၃ ရက်

အစည်းအဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
နေပြည်တော်

## အဆင့်မြင့် အားကစားကွင်း

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# မန္တလေးဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁

**၂၀၁၁ ခုနှစ် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ကြီးမှူး၍ မန္တလေးဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများက သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ သာမန်တန်းနှင့် အကြီးတန်းပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ သက်တန်းအလိုက် ပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများ၊ သာမန်တန်းနှင့် အကြီးတန်းပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသူများအား ဆုကြေးငွေများကို လည်းကောင်း၊ ပြိုင်ပွဲဝင်အသင်းများအား ကြက်တောင်အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆုရအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး ညပိုင်းတွင် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က မန္တလေးဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရအားကစားမောင်မယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေးဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံ ကျင်းပမည်

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက်ဗဟိုကောင်စီအစည်းအဝေးကို ဇွန် ၂ ရက်တွင်လည်းကောင်း၊ ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံကို ဇွန် ၃ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကျန်းမာရေးဦးစီးမှူးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးများဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်/မြို့နယ်များမှ ကြက်ခြေနီကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥတုရာသီ တောကိုမီး၏

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် သထုံခရိုင် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက်၌ တည်ဆောက်လျက်ရှိသည့် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် အပြီးသတ်တည်ဆောက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

**အထူးဂရုပြု**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအကျိုးကို ရှေးရှု၍ ဆောင်ရွက်ကြရန်၊ အခွန်အခများကို စနစ်တကျကောက်ခံရန်နှင့် ကိန်းဂဏန်း စာရင်းဇယားများ တိကျမှန်ကန်ရေး အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**စစ်ဆေး**

ထို့နောက် မော်လမြိုင်မြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အလျား ၇၅ ပေ × အနံပေ ၅၀ ရှိ တိုးချဲ့ခန်းမဆောင်သစ် တည်ဆောက်ပြီးစီးမှု၊ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မြိုင်သာယာ လမ်းဘေး ဝဲ/ယာသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် တိုးချဲ့ကမ်းနားလမ်း၌ ယခင်တည်ဆောက်ပြီးစီးသည့် လမ်းအရှည် တစ်မိုင် ၇ ဖာလုံနှင့် အသစ်တည်ဆောက်ပြီးသည့် လမ်းအရှည်ပေ ၂၀၀၀တို့ကို အကျယ် ခုနစ်ပေနှင့် အမြင့် သုံးပေ သုံးလက်မရှိ လက်ရန်းတိုင်နှင့် ပလက်ဖောင်း ရောင်စုံဘလောက် အုတ်ချပ်များ ခင်းကျင်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

## ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# လက်ရှိချန်ပီယံဥဿာကို ပြိုင်ပွဲမှ စောစီးစွာထွက်ခွာစေခဲ့သည့် ရန်ကုန်ယူနိုက်တက်

**ရန်ကုန် ဇွန် ၁**

MFF Max Cement Cup 2011 ရှုံး/ထွက် ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်(၃)နှင့် (၄)ကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

**(အောင်ဆန်းကွင်း)**

**ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး**

(ကြည်လင်းနှင့် ရန်အောင်ကျော်)

**ဥဿာယူနိုက်တက် - တစ်ဂိုး**

(အောင်မိုး)

၂၀၁၀ ပြိုင်ပွဲတွင် ပထမအဆင့်မှ ထွက်ခဲ့ရသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ယခုနှစ်တွင် လက်ရှိချန်ပီယံ ဥဿာယူနိုက်တက်အသင်းကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ လက်ရှိချန်ပီယံဥဿာယူနိုက်တက်အသင်းမှာ ပွဲအစ ၁၁ မိနစ်တွင် ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း ယင်းအနိုင်ဂိုးကို မထိန်းနိုင်ခဲ့၍ ချန်ပီယံဘွဲ့ကို လက်လွှတ်ခဲ့ရပြီဖြစ်သည်။

အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲဆက် သရေကျခဲ့သည့် ရန်ကုန်အသင်းမှာ ယခုပွဲ အနိုင်ရရန် ပြင်ဆင်ခဲ့ပြီး ဧရာဝတီနှင့်ပွဲတွင် ပွဲထွက်ခဲ့သည့် လူစာရင်းမှ ချာလက်စ်အိုဘီ၊ မျိုးမင်းထွန်း၊ ဒေးဗစ်ဒန်းနှင့် ရန်အောင်ဝင်းတို့ကို အနားပေးထားခဲ့ပြီး ကျော်ဒွန်း၊ ကြည်လင်း၊ ရာဇာဝင်းသိန်းနှင့် မိုင်းအိုက်နိုင်တို့ကို ပွဲထုတ်ခဲ့သည်။ ဥဿာအသင်းမှာလည်း ဂိုးသမားဒီဂျာနယ်မှလွဲ၍ လူစုံထုတ်ခဲ့ပြီး ရန်ကုန်အသင်းကို ရင်ဆိုင်ခဲ့သည်။ ၁၁ မိနစ်တွင် အောင်မိုးက ဥဿာအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း အဓိကတိုက်စစ်မှူး လစ်ပီလစ်ပီကို ရန်ကုန်နောက်ခံလူများ မလွတ်တမ်း တားဆီးနိုင်ခဲ့၍ ဥဿာတိုက်စစ်ပျောက်ခဲ့ရသည်။

ရန်ကုန်အတွက် ချေပဂိုးကို ၃၆ မိနစ်တွင် ကြည်လင်းကသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းမှာ အနိုင်ရရှိရေးအတွက် ကျော်ဒွန်းအစား ချာလက်စ်အိုဘီကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ အနိုင်ဂိုးကို ခြေစွမ်းပြနေသည့် ကွင်းလယ်လူ ရန်အောင်ကျော်က ၇၅ မိနစ်တွင် သွင်းယူပေးခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**နေပြည်တော် - နှစ်ဂိုး**

(ကွမ်ဂျင်နှင့်စည်သူသန်း)

**Southern Myanmar - တစ်ဂိုး**

(ဘီဂျိမ်းထွေး)

ရန်ကုန်မှ ရန်အောင်ကျော်နှင့် ဥဿာမှ နီမောင်မောင်အောင်တို့ ဈေးသို့အကြိတ်အနယ်။

**သတင်းမှတ်စု - ရှိုင်းထက်ဇော်**

## အာရှရိုးရာလှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာလှေလှော်အသင်း ထွက်ခွာ

**ရန်ကုန် ဇွန် ၁**

၂၀၁၁ ခုနှစ် ဇွန် ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် ဖန်ချင်ကန်မြို့၌ ကျင်းပမည့် ပထမအကြိမ် အာရှရိုးရာလှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦး ခေါင်းဆောင်သော မြန်မာ့ရိုးရာလှေလှော်အသင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

မြန်မာ့ရိုးရာလှေလှော်အသင်းအား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြတ်ကျော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ့ရိုးရာလှေလှော်အသင်းတွင် နည်းပြချုပ်အဖြစ် အရာခံဗိုလ်ဝင်းဖေ (ကာကွယ်ရေးဝန်ကြီးဌာန)၊ လက်ထောက်နည်းပြအဖြစ် အရာခံဗိုလ်သိန်းဝင်း(ကာကွယ်ရေးဝန်ကြီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာနေသူစိုး (ဇီဝိတဒါနသံဃာ့ဆေးရုံ)နှင့် မြန်မာ့ရိုးရာ လှေလှော်အားကစားသမား ၂၄ ဦး ပါဝင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ခရီးရှည် မြင်းစီးအားကစား ဒိုင်လူကြီးသင်တန်း တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁**

၂၀၁၁ ခုနှစ် ဇွန် ၂ ရက်မှ ၄ ရက်အထိ ထိုင်းနိုင်ငံ၌ ဖွင့်လှစ်မည့် အပြည်ပြည်ဆိုင်ရာ ခရီးရှည်မြင်းစီးအားကစား ဒိုင်လူကြီးသင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်ခေါင်းဆောင်သော မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးချိုနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ဦးကျော်ကျော်မြင့်ထူးနှင့် မြန်မာ့မြင်းစီးအားကစား လက်ရွေးစင်ဟောင်း ဒေါ်အေးသက်တာ တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆမ်အလာဒိုက် ဝက်စ်ဟမ်းအသင်းကို ကိုင်တွယ်မည်

**လန်ဒန် ဇွန် ၁**

ပရီမီယာလိဂ် ကလပ်များဖြစ်သည့် ဘော်လ်တန်၊ နယူးကာဆယ်နှင့် ဘလက်ဘန်းတို့ကို ကိုင်တွယ်ခဲ့ဖူးသည့် ဆမ်အလာဒိုက်**(အောက်ပုံ)**သည် ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားသည့် ဝက်စ်ဟမ်းအသင်းကို ကိုင်တွယ်ရန် သဘောတူညီမှု ရရှိသွားပြီဟုဆိုသည်။

ဆမ်အလာဒိုက်သည် ဝက်စ်ဟမ်းအသင်းကိုကိုင်တွယ်ရန် ပေါင်သုံးသန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုမည် ဖြစ်သည်။ ၎င်းရရှိမည့် ပေါင်သုံးသန်းမှာ ချန်ပီယံရှစ်အသင်းများ၏ နည်းပြများထဲတွင် အများဆုံးရရှိခြင်းဖြစ်သည်။ ထို့ပြင် ဝက်စ်ဟမ်းအသင်း ပရီမီယာလိဂ်သို့ တန်းပြန်တက်နိုင်မည်ဆိုပါက ၎င်းအနေဖြင့် အပိုဆုကြေးအဖြစ် ပေါင် ၁ ဒသမ ၂၅ သန်းလည်း ထပ်မံရရှိနိုင်မည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ၎င်းတို့၏ ကစားသမားများဖြစ်သည့် ရောဘတ်ဂရင်း၊ စကော့ပါကာနှင့် ကာတန်ကိုးလ်တို့ကို ရောင်းထုတ်ရန်ရှိနေပြီး ယင်းကစားသမားများအား ရောင်းရသည့်ငွေအပြင် ဘတ်ဂျက်ငွေ အနည်းငယ်ကို ကစားသမားသစ် ခေါ်ယူမှုအတွက် အသုံးပြုမည်ဖြစ်သည်။ ထို့ကြောင့် ဆမ်အလာဒိုက်သည် ချန်ပီယံရှစ်တွင် အောင်မြင်မှုရယူကာ ဝက်စ်ဟမ်းအသင်းကို ပရီမီယာလိဂ်သို့ ပြန်ပို့ပေးနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားစရာကိစ္စတစ်ရပ်ဖြစ်လာခဲ့ရသည်။

*The Sun*။

## ရိုမာလူ လူကာကူ ချယ်လ်ဆီးသို့ တစ်ပတ်အတွင်းရောက်လာဖွယ်ရှိ

**လန်ဒန် ဇွန် ၁**

အန်ဒါလက်ချ်တိုက်စစ်မှူး ရိုမာလူ လူကာကူသည် ပေါင် ၁၈ သန်းဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိခဲ့ပြီဟု သိရသည်။ ၎င်းသည် စတမ်းဖို့ဒ်ဘရက်ချ်သို့ ခြောက်ရက်အတွင်း ရောက်ရှိလာမည်ဟု ဆိုသည်။

အသက်(၁၉)နှစ်ရှိ အန်ဒါလက်ချ် တိုက်စစ်မှူး လူကာကူမှာ ဒရော့ဘာလက်သစ်ဟု တင်စားခေါ်ဝေါ်ခြင်းခံထားရသူဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပထမဦးဆုံး လူကာကူကို ခေါ်ယူမည်ဖြစ်ပြီး ၎င်းရောက်လာပြီး မကြာမီတွင် တူရကီနည်းပြ ဂူဟက်ဒ်ဒင့်ကို ထပ်မံခေါ်ယူမည်ဟုဆိုသည်။ ထို့ကြောင့် ဂူဟက်ဒ်ဒင့်သည် သောကြာနေ့ ဘယ်လ်ဂျီယံနှင့် ကစားရမည့် ယူရို ၂၀၁၂ ခြေစစ်ပွဲအပြီးတွင် လန်ဒန်သို့ ရောက်လာနိုင်သည်ဟု သတင်းများ ထွက်ပေါ်လာလျက်ရှိနေသည်။ ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ အသက် (၃၃)နှစ်ရှိ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာကို စာချုပ်သစ် ထပ်မံချုပ်ဆိုရန် စီစဉ်လျက်ရှိနေသည်။

*ESPN*။

## မန်ယူ ကွင်းလယ်ကစားသမား ပေါလ်စခိုး ဘောလုံးကစားခြင်းမှ အနားယူတော့မည်

**မန်ချက်စတာ ဇွန် ၁**

မန်ယူအသင်း၏ ကွင်းလယ်ကစားသမား ပေါလ်စခိုး**(ဝဲပုံ)**သည် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ယမန်နေ့က အတည်ပြုပြောကြားလိုက်သည်။

အသက်(၃၆)နှစ် ရှိပြီဖြစ်သည့် ပေါလ်စခိုးကို မန်ယူအသင်းက နောက်ထပ်တစ်နှစ် ထပ်မံကစားရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းကငြင်းဆိုထားသည်။ ပေါလ်စခိုးသည် အသက်အရွယ်ရလာပြီဖြစ်သော်လည်း မန်ယူအသင်း၏ ယခု နှစ်(၁၉)ကြိမ်မြောက် အမှတ်ပေးချန်ပီယံဖြစ်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ မန်ယူအတွက် ၆၇၆ ပွဲ ကစားပေးခဲ့သည့် ပေါလ်စခိုးသည် အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံ (၁၁)ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ရရှိထားသူဖြစ်သည်။ မန်ယူအသင်းတွင် ညာနောက်ခံလူ ဂယ်ရီနဗီးစ် အနားယူသွားပြီးနောက်တွင် ပေါလ်စခိုးသည်လည်း အနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

*The Sun*။

## အထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မြောက်ဦးမြို့နှင့် တောင်ငူ(လေကြောင်း)တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် လွိုင်ကော်မြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မနက်ဖြန်ညနေအထိခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇွန် ၁**

ဦးစိန်မြင့်(ဘိုကလေးမြို့)သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းသိန်း (ဇေယျာပန်းပုလုပ်ငန်း)၊ ဦးအောင်သန်းတို့နှင့်အတူ မေ ၂၆ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI(4) ဘောလုံးကို Adams Golf Iron NO (7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

**ဟန်သစ်**

# လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ပြည်မြို့၊ မူယာပင်ရပ်ကွက်နေ
(ဦးအောင်သန်း)-ဒေါ်စန်းခင်တို့၏သား
**မောင်ခင်မောင်သန်း** **B.Sc(Chemistry)**
**Technician, Store Supervisor**
**CWT Engineering Pte.Ltd(Singapore)**
နှင့်
ပြည်မြို့၊ အဝေးပြေးကားဂိတ်အနီးနေ
(ဦးအောင်သန်း)(SAT)-ဒေါ်အုန်းကြိုင်(PAT)တို့၏သမီး
**မစုသက်လှိုင်**
**B.E(Electronics), B.Sc(Physics)**
**Assistant Engineer**
**Rich Echo(s) Pte.Ltd(Singapore)**

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူခွင့်ပြုချက်အရ ၃-၅-၂၀၁၁ ရက်တွင် Registry of Marriage, Singapore တွင် လက်မှတ်ရေးထိုးပြီး၍ ၂၉-၅-၂၀၁၁ ရက်တွင် Singapore နိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းTOAPAYOH၌ မင်္ဂလာဦးဆွမ်းကျွေး ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ခင်မောင်သန်း-မစုသက်လှိုင်**

MICO
ကမ္ဘာ့ ဈေးအသက်သာဆုံး
T-Shirt = 650 Ks

YAYAYA Japanese Language Centre
SEMINAR

Dr. Tin Latt ... LCCI
MAT Professional Training & Services
LCCI Level I, II & III

English Speaking /Phonetics/Grammar

လရောင်ကျူးရှင့်

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

သွေးသည်အသက်

(၁) Welder 4G နှင့် 6G
(၂) Pipe Fitter

## LCCI(UK) စာမေးပွဲ မြန်မာကျောင်းသားများ ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် ဇွန် ၁**

၂၀၁၀ ခုနှစ်အတွက် LCCI (UK) စာမေးပွဲများတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုရှင်များစွာထွက်ပေါ်ခဲ့ရာ ဦးနေလင်းအောင် စာရင်းကိုင်သင်တန်းကျောင်းမှလည်း အများစုပါဝင်သည်ဟု သိရသည်။ ထွက်ပေါ်ခဲ့သော ဆုရှင်များအနက် အဆိုပါ သင်တန်းကျောင်းမှ သင်ကြားသော ဘာသာရပ်များဖြစ်သည့် Level II ဘာသာရပ်တွင် ရွှေတံဆိပ်ဆုရှင်တစ်ဦး၊ Level III Diploma ဘာသာရပ်များဖြစ်သည့် cost accounting၊ Management accounting နှင့် advanced business calculations ဘာသာရပ်များတွင် ကမ္ဘာနှင့်မြန်မာ ရွှေတံဆိပ်ဆုရှင် ၁၆ ဦး၊ MYOB ကွန်ပျူတာ စာရင်းကိုင်ဘာသာရပ်တွင် ရွှေတံဆိပ်ဆုရှင်လေးဦးပေါ်ထွက်ခဲ့သည်။

၂၀၁၀ ခုနှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ကမ္ဘာနှင့် မြန်မာဆုတံဆိပ်ရရှိသူ ၆၇ ဦးရှိရာ ၂၀ မှာ ဤစာရင်းကိုင်သင်တန်းကျောင်းမှ ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

စာရင်းကိုင်သင်တန်းများ ကြိုတင်သင်ကြားလေ့ကျင့် လိုသူများသည် (၁၈/၄-ဘီ) ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၄၇၃၇နှင့် ၅၁၂၉၀၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အရှေ့ခြမ်း စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်က အမှတ်(၃) ရပ်ကွက် ဝေါမစ်ရှင် ရုံးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်နှင်းကြည်နှင့် တာဝန်ရှိသူများ၊ ဝေါမစ်ရှင်(မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ကြကာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းဦး အမှာစကားပြောကြားစဉ်။ (၃၂၉)

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၁၁ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေစာနယ်ဇင်းအဖွဲ့နှင့် စာပေမြတ်နိုးသူများက ပြည်သူများ အသိအမြင်တိုးတက်စေရန် တတိယအကြိမ်မြောက် စာပေဟောပြောပွဲ အခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း) သုတ၊ ရသစာပေများအကြောင်း ဟောပြောစဉ်။ (၅၇၀)

### စာအုပ်စာပေ လူ့မိတ်ဆွေ

## သထုံမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲ ကျင်းပ

**သထုံ ဇွန် ၁**

သထုံခရိုင် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာအုပ်စု ငါးကြီးအင်းကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းနှင့် သိမ်ဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကင်ချွန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက ငွေပဒေသာပင် ငွေကျပ် ၁၂၀၀၀၀၊ စာအုပ်၊ စာစောင် ၄၇၉ အုပ်နှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ ပညာတံခွန် စာကြည့်တိုက်ကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀ သိန်းနှင့် အများပြည်သူ စုပေါင်းလှူဒါန်းငွေကျပ် ၁၇ သိန်း စုစုပေါင်း ငွေကျပ် ၂၇ သိန်း အကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်(၆/အနောက်)ရပ်ကွက်ရှိ ဇမ္ဗူပညာစာကြည့်တိုက်၌ မေ ၂၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နုနုရီနှင့်အဖွဲ့ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးရာ ဦးသက်တင် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

### မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

## ပန်းရိပ်ဝေစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

**ဇီးကုန်း ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အနောက်ဘက် ငါးမိုင်ခန့်အကွာရှိ နွားတဲကုန်း ကျေးရွာအုပ်စု ပန်းတင်ကျေးရွာ၌ ပန်းရိပ်ဝေ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

စာကြည့်တိုက် အဆောက်အအုံသစ်အား နိုင်ငံတော်က ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများက ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀ အကုန်အကျခံ တည်ဆောက်ပြီး လူမှုရေးအသင်းအဖွဲ့များ၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး (ချယ်ရီကုန်စုံဆိုင်)နှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ သုတရသစာအုပ်များ၊ ရေဒီယိုနှင့် ပရိဘောဂများ လှူဒါန်းကြကြောင်းသိရသည်။

(၂၈၉)

## ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ရက်ရွှေ့ဆိုင်း

**ရန်ကုန် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ကျင်းပလျက်ရှိရာ ဇွန် ၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ RUMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည့် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဇွန်/၂၀၁၁)ကို ယင်းနေ့တွင် မကျင်းပဖြစ်ကြောင်းနှင့် ရက်ရွှေ့ဆိုင်းထားကြောင်း ထပ်မံ သတင်းရရှိသည်။ (သတင်းစဉ်)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့သဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

**ပြည်သူများ၏ကျန်းမာရေးကို မေတ္တာစေတနာရှေ့ထားပြီး နွေးထွေးစွာ ပြုစုစောင့်ရှောက် ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် အားကိုးလာအောင် ကြိုးပမ်းဆောင်ရွက်**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၃၁ ရက် ညနေ ၄ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက ဆေးရုံကြီး၏သမိုင်းကြောင်း၊ ဝန်ထမ်းအင်အားအခြေအနေ၊ ဆေးကုသပေးနိုင်မှုများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖြည့်စွက်တင်ပြသည်။**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားရာ၌ ဆေးရုံ၏လိုအပ်ချက်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို သိရှိရန်နှင့် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသွားရန် ဆေးရုံကြီးသို့ လာရောက်ခြင်းဖြစ်ကြောင်း။

### နွေးထွေးစွာပြုစုစောင့်ရှောက်

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် ဆေးဝါးကုသမှု ပြည့်စုံကောင်းမွန်ရုံမျှမက မေတ္တာစေတနာရှေ့ထားပြီး လူနာများအား နွေးထွေးစွာ ကြိုဆို ပြုစုစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)